# သက်ဆာလောနိကမြို့သားတို့ထံ ပေါလုရေးသောဩဝါဒစာပထမစောင်

## နိဒါန်း

*ပေါလုသည် **ရောမနိုင်ငံ**၏ လက်အောက်ခံဖြစ်သော**မာစီဒိုနီယာ**ပြည်နယ်မြို့တော် **သက်ဆာလောနိက**မြို့သို့ရောက်ရှိလေ၏။**ပေါလု**သည်**ဖိလစ်ပိ**မြို့မှထွက်ခွာလာပြီးနောက်**သက်ဆာလောနိက**မြို့တွင်ဘာသာတရားမဲ့သူတို့အားဧဝံဂေလိတရားတော်ကိုဟောကြား၍၊ ယုံကြည်သူလူတစ်စုကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။ **ပေါလု**သည် ထိုဒေသ၌ သုံးလခန့်မျှသာ အမှုတော်ထမ်းဆောင်ပြီးနောက်၊ **ဂျူး** အမျိုးသားတို့၏ ဆန့်ကျင်အတိုက်အခံပြုမှုကြောင့် ထိုမြို့မှ **ဗေရိ**မြို့သို့ ထွက်ခွါသွားရသည်။ ထိုမှတဖန် **ပေါလု**သည် **ကောရင့်**မြို့သို့ ရောက်ရှိသွားလေ၏။ **ပေါလု**သည်**သက်ဆာလောနိက**မြို့ရှိ ယုံကြည်သူလူစုအတွက်စိုးရိမ်ပူပန်သဖြင့် သူတို့အားကူညီအားပေးရန် အမှုတော်ဆောင်ဘက်ဖြစ်သူ **တိမောသေဦး**ကို သူတို့ထံသို့စေလွှတ်ခဲ့၏။ **တိမောသေဦး**လည်း **သက်ဆာလောနိက** အသင်းတော်၏အခြေအနေ ကောင်းမွန်ကြောင်း တင်ပြခဲ့လေသည်။ ထိုအခါ ခုနှစ်အားဖြင့်ခရစ်နှစ်(၅၀)ခန့်အချိန်တွင်**ပေါလု**သည် **သက်ဆာလောနိက**မြို့ရှိ ခရစ်ယာန်တို့အားစိတ်ပျက်အားငယ်ခြင်းမရှိစေရန်နှင့် ယုံကြည်ခြင်းစိတ်အားထက်သန်စေရန်**သက်ဆာလောနိက**မြို့သားတို့ထံရေးသောပထမ စာစောင်ကို ရေးသားခဲ့လေသည်။ ဤစာစောင်တွင်**ပေါလု**သည် **သက်ဆာလောနိက**မြို့သားတို့၏ယုံကြည်ခြင်းနှင့် မေတ္တာတရားအတွက်နှုတ်ဆက် ဂုဏ်ပြုကာကျေးဇူးတော် ချီးမွမ်းသည်။ သူတို့နှင့်ရှိစဉ်က မိမိအဘယ်သို့ ပြုကျင့်နေ ထိုင်ခဲ့သည့်ဘဝကို ပြန်လည်အောက်မေ့သတိရစေသည်။*

*ထို့နောက်ယုံကြည်သူတစ်ဦးသည် ခရစ်တော် တစ်ဖန်ကြွလာတော်မမူမီ သေဆုံးသွားခဲ့သော် ကိုယ်တော်ကြွလာချိန်၌ပေးတော်မူမည့် ထာဝရ အသက်ကိုခံစားနိုင်ပါမည်လော။ အဘယ်အခါ၌ ခရစ်တော် တစ်ဖန်ကြွလာတော်မူမည်နည်းဟု အသင်းတော် အသိုင်းအဝိုင်းတွင် မေးမြန်းကြသည့်မေးခွန်းများကိုဖြေဆိုလေသည်။ အသင်းတော်ဝင်တို့သည် ခရစ်တော် တစ်ဖန်ကြွလာမည့်အချိန်ကို စောင့်မျှော်လျက်ရှိနေစဉ် မိမိတို့လုပ်ဆောင်ရန်ရှိသည့် တာဝန်လုပ်ငန်းများကိုငြိမ်သက်စွာ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း နှိုးဆော် ထားလေသည်။*

*ဤစာစောင်သည် ဓမ္မသစ်ကျမ်း၏ရှေးဟောင်းအကျဆုံးပြုစုရေးသားထားသည့် စာစောင်ဖြစ်လေသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

*–နိဒါန်း* ၁း၁
*–ဂုဏ်ပြုခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းခြင်း* ၁း၂–၃း၁၃
*–ခရစ်ယာန် အကျင့် သိက္ခာတရားရှိရန် နှိုးဆော်ခြင်း* ၄း၁–၁၂
*–ခရစ်တော် ကြွလာ တော်မူမည့်အကြောင်း သွန်သင်ခြင်း* ၄း၁၃–၅း၁၁
*–နောက်ဆုံး မှာကြားချက်များနှင့် နှုတ်ခွန်းဆက်စကားများ* ၅း၁၂–၂၂
*–နိဂုံး* ၅း၂၃–၂၈

## အခန်းကြီး (၁)

၁။ ပေါလု၊ **ဆီဗားနု**နှင့် **တိမောသေဦး**တို့မှ ခမည်းတော်ဘုရားနှင့်**ယေရှု**သခင်၏ လူမျိုးတော်ဖြစ်သည့် **သက်ဆာလောနိက**မြို့ရှိ အသင်းတော်ဝင်တို့ ထံစာရေးလိုက်ပါသည်။

### ဂုဏ်ပြုခြင်းနှင့် ကျေးဇူးတော် ချီးမွမ်းခြင်း

၂။ ညီအစ်ကိုတို့ ငါတို့သည်သင်တို့အတွက်အဖဘုရားသခင်အား အစဉ် ကျေးဇူးတင်ကြလျက် ငါတို့၏ဆုတောင်းမေတ္တာပြုခြင်း၌လည်း၊ သင်တို့ကိုအောက်
၃။ မေ့သတိရကြပါသည်။ ငါတို့အဖဘုရားသခင်၏ရှေ့မှောက်တော်၌သင်တို့၏ ယုံကြည်သောစိတ်နှင့်ကျင့်ကြံလုပ်ဆောင်မှုများ၊ ကရုဏာမေတ္တာလုပ်ငန်းများ၊ **ယေရှု**သခင်ကို စောင့်မျှော်ရာ၌ သင်တို့၏တည်ကြည်မှုတို့ကိုအစဉ်သတိရ၍ ကျေးဇူးတော်ကိုချီးမွမ်း
၄။ ကြ၏။ ညီအစ်ကိုတို့ ဘုရားသခင်သည် သင်တို့ကိုချစ်တော်မူ၍ ရွေးကောက်တော်မူကြောင်းကို ငါတို့
၅။ သိ၏။ အဘယ်ကြောင့်ဆိုသော်ငါတို့သည်ဧဝံဂေလိတရားတော်ကို သင်တို့၌ စကားသက်သက်ဖြင့်သာမဟုတ်ဘဲ၊ တန်ခိုးတော်နှင့်လည်းကောင်း၊သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ထိုတရားတော်မှန်ကန်ကြောင်းကို မုချယုံကြည်သော စိတ်နှင့်လည်းကောင်း၊သင်တို့အားဟောပြောသောကြောင့်ဖြစ်၏။
၆။ ငါတို့သည် သင်တို့နှင့်အတူ ရှိစဉ်အခါ၊ သင်တို့အကျိုးအတွက် ငါတို့အဘယ်သို့ ပြုမူနေထိုင်ခဲ့ကြ

သည်ကိုသင်တို့အသိပင်ဖြစ်၏။ သင်တို့သည် ငါ
တို့နှင့်ဘုရားသခင်၏ ပုံစံတော်ကိုစံနမူထား၍လိုက်
ကျင့်ကြ၏။ သင်တို့သည်များစွာသော ဆင်းရဲဒုက္ခ
ရောက်ရကြသော်လည်း၊ မွန်မြတ်သောဝိညာဉ်တော်
မှရရှိသောဝမ်းမြောက်ခြင်းဖြင့်ဧဝံဂေလိတရားတော်
၇။ ကိုခံယူကြ၏။ ထို့ကြောင့် သင်တို့သည်**မာစီဒိုနိယာ**
နှင့် **အခါယာ**ပြည်ရှိ ယုံကြည်သူ အပေါင်းတို့
၈။ အတွက် စံနမူနာဖြစ်လေသည်။ အဘယ်ကြောင့်
ဆိုသော် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်
သည် **မာစီဒိုနိယာ**ပြည်၊ **အခါယာ**ပြည်တို့တွင်
ပျံ့နှံ့သွားသည်သာမက၊ ဘုရားသခင်အား သင်တို့
ယုံကြည်သည့် သတင်းသည် ဒေသအနှံ့အပြားကျော်
ကြားသွားသဖြင့် ငါတို့ထပ်လောင်းပြောဆိုရန် မလို
၉။ တော့ချေ။ သင်တို့ထံ ငါတို့လာရောက်အမှုထမ်းစဉ်
အခါက သင်တို့သည်အဘယ်သို့လက်ခံကြိုဆိုကြ
ကြောင်းကိုလည်းကောင်း၊ ရုပ်တုများကို စွန့်ပယ်၍
စစ်မှန်သောဘုရားသခင်ကို အမှုထမ်းရန် သင်တို့
အဘယ်သို့ ချဉ်းကပ်လာကြကြောင်းကို လည်း
၁၀။ ကောင်း၊ထိုသူအပေါင်းတို့ပြောဆိုကြ၏။ ကျရောက်
မည့် အမျက်တော်မှ ငါတို့ကိုကယ်နှုတ်သော**ယေရှု**
သခင်၊ သေခြင်းမှ ဘုရားသခင်ရှင်ပြန်ထမြောက်
စေတော်မူသော ကိုယ်တော်၏သားတော် ကောင်း
ကင်မှ ကြွလာတော်မူမည်ကို သင်တို့စောင့်မျှော်နေ
ကြသောကြောင့်လည်း ဖြစ်ပေသည်။

## အခန်းကြီး (၂)
## သက်ဆာလောနိကမြို့တွင် ပေါလုအမှုတော် ထမ်းဆောင်စတင်ခြင်း

၁။ ညီအစ်ကိုတို့၊ သင်တို့ထံသို့ ငါတို့လာရောက်ခြင်း
သည် အချည်းနှီး မဖြစ်ကြောင်းကို သင်တို့ကိုယ်
၂။ တိုင်သိရှိကြ၏။ငါတို့သည်**ဖိလပိ**မြို့ညှင်းဆဲခြင်းနှင့်
ရှုတ်ချခြင်းကိုခံခဲ့ရကြသော်လည်း၊ကိုယ်တော်၏ဧဝံ
ဂေလိတရားတော်ကို သတ္တိရှိစွာ ဟောပြောရန်နှင့်
၃။ အတိုက်အခံပြုမှုများကို ရင်ဆိုင်နိုင်သော သတ္တိကို
ဘုရားသခင်ထံမှ ရရှိခဲ့ကြသည်။ ငါတို့၏နှိုးဆော်
ဟောပြော ချက်များသည် အမှားအယွင်း၌လည်း
ကောင်း၊ မသမာသော ရည်ရွယ်ချက်အပေါ်၌လည်း
ကောင်း မူတည်သည်မဟုတ်၊ငါတို့သည်မည်သူ့ကို
မျှလည်း လိမ်လည်လှည့်စားကြသည် မဟုတ်။
၄။ ဘုရားသခင်သည်သစ္စာရှိသောအမှုတော်ဆောင်များ
အား ဧဝံဂေလိတရားတော်ကို အပ်နှင်းတော်မူသကဲ့
သို့ ငါတို့အားလည်း အပ်နှင်းတော်မူသည်နှင့်အညီ
ငါတို့သည်လူများနှစ်သက်မှုကိုရစေရန်မဟုတ်၊ ငါ
တို့၏ စိတ်နှလုံးကို စစ်ဆေး ကြည့်ရှုတော်မူသော
ဘုရားသခင်၏ နှစ်သက်မှုကို ရစေရန် လိုလားကြ
၅။ သည်။ သင်တို့သိကြသည့်အတိုင်း ငါတို့သည်သင်
တို့အား မြှောက်ပင့်ပြောဆို၍ နှစ်သက်စေသည်
မဟုတ်။ ငါတို့၌ လောဘစိတ်ကို ဟန်ဆောင်သော
စိတ်နှင့်ဟောပြောသည်မဟုတ်ကိုဘုရားသခင်သည်
၆။ ငါတို့သက်သေဖြစ်တော်မူ၏။ ငါတို့သည်လူအများ
၏ချီးမွမ်းခြင်းကိုလည်းကောင်း၊ သင်တို့၏ ချီးမွမ်း
ခြင်းကိုလည်းကောင်းခံယူရန်မိမိတို့ကြိုးစားဆောင်ရွ
က်ကြသည်မဟုတ်။ ငါတို့သည် ခရစ်တော်၏
တမန်တော်များအဖြစ်နှင့် သင်တို့အပေါ် ဩဇာအာ
ဏာ သုံးနိုင်သော်လည်း အာဏာမသုံးခဲ့ပေ။
၇။ သို့သော်မိခင်သည်မိမိ၏ရင်သွေးငယ်အားယုယစွာ
ပြုစုသကဲ့သို့ငါတို့သည်လည်း သင်တို့အားပြုစုခဲ့ကြ
၈။ ၏။ ငါတို့သည်သင်တို့အားချစ်မြတ်နိုးကြသည်ဖြစ်
၍ ဘုရားသခင်၏ဧဝံဂေလိတရားတော်ကို သာမက
ငါတို့၏ဘဝအသက်တာကိုပင်ဝေငှပေးရန်အသင့်ရှိ
၉။ ကြ၏။ ညီအစ်ကိုတို့ ငါတို့သည်အဘယ်မျှလောက်
ပင်ပန်းစွာ လုပ်ဆောင်ခဲ့ကြကြောင်းကို အောက်မေ့
သတိရကြလော့။သင်တို့အားဝန်မလေးစေရန် ငါတို့
သည် နေ့ရောညပါ အလုပ်လုပ်ကိုင်ကြလျက်ဘုရား
သခင်၏ဧဝံဂေလိတရားတော်ကိုသင်တို့အား ဟော
၁၀။ ပြောခဲ့ကြ၏။ငါတို့သည်၊ယုံကြည်သူသင်တို့အပေါ်
တရားမျှတ၍ အပြစ်ဆိုဖွယ်မရှိအောင် ဖြူစင်ဖြောင့်
မှန်စွာ ပြုမူကျင့်ကြံခဲ့သည်လည်း သင်တို့သက်သေ
ဖြစ်ကြ၏။ ဘုရားသခင်သည်လည်း သက်သေဖြစ်
၁၁။ တော်မူ၏။ ဖခင်သည် မိမိသားသမီးတို့နှင့်ဆက်ဆံ
သကဲ့သို့ ငါတို့သည်လည်း သင်တို့နှင့် ဆက်ဆံ
၁၂။ ကြောင်းကို သင်တို့သိကြ၏။ ကိုယ်တော်၏ နိုင်ငံ
တော်သို့ဝင်ထိုက်ရန်နှင့် ဘုန်းဂုဏ်တော်ခံစားနိုင်အံ့
သောငှါသင်တို့အားရွေးကောက်တော်မူသောဘုရားသ
ခင် နှစ်သက်တော်မူသည့် ဘဝလမ်းစဉ်အတိုင်း
ကျင့်ကြံနေထိုင်ကြစေရန်အတွက် ငါတို့သည် သင်
တို့ကိုအားပေးနှစ်သိမ့်တိုက်တွန်းနိုးဆော် ခဲ့ကြ၏။

## သက်ဆာလောနိကရှိ အသင်းဝင်တို့၏ ယုံကြည်ခြင်းနှင့်သည်းခံခြင်း

၁၃။ ဘုရားသခင်အား၊ ငါတို့ အစဉ်မပြတ် ကျေးဇူးတင်
ချီးမွမ်းကြသည့် အခြားအကြောင်းတစ်ရပ်မှာ၊ငါတို့
ဟောပြောသောတရားတော်ကို လူတို့သွန်သင်သည့်
တရားအဖြစ်မဟုတ်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်
တရားတော်အမှန်အဖြစ် သင်တို့ လက်ခံခဲ့ကြသော
ကြောင့်ဖြစ်၏။အဘယ်ကြောင့်ဆိုသော်ဘုရားသခင်
၏နှုတ်ကပတ်တော်သည် ယုံကြည်သူ သင်တို့၏
စိတ်နှလုံးကို ပြုပြင်လျက် ရှိတော်မူသောကြောင့်
၁၄။ တည်း။ ညီအစ်ကိုတို့ **ဂျူဒေယ**ပြည်တွင် ဘုရား
သခင်၏ အသင်းတော်ဝင် ခရစ်ယာန်များသည်မိမိ
အမျိုးသား **ဂျူး**လူမျိုး၏လက်တွင် ဆင်းရဲဒုက္ခခံကြ
သကဲ့သို့ သင်တို့သည်လည်း မိမိတို့အမျိုးသားများ
၁၅။ ၏လက်တွင်ဆင်းရဲဒုက္ခရောက်ရကြ၏။ **ဂျူဒ**အမျိုး
သားတို့သည်သခင်**ယေရှု**နှင့်ပရောဖက်တို့ကိုသတ်
ဖြတ်၍၊ ငါတို့ကိုလည်းညှင်းဆဲခဲ့ကြပြီ။ သူတို့၏ပြု
ကျင့်မှုများသည်ဘုရားသခင်ကိုမနှစ်သက်စေသည့်
အပြင်သူတို့ကို လူအပေါင်းတို့၏ ရန်သူများလည်း
၁၆။ ဖြစ်စေခဲ့၏။ လူမျိုးခြားတို့အား ကယ်တင်ခြင်းသို့
ရောက်စေခြင်းငှာ ငါတို့ဟောပြောကြသည်ကိုသူတို့
သည်တားဆီးကြ၏။ ထိုသို့ပြုခြင်းအားဖြင့် သူတို့
သည်မိမိတို့၏ပြစ်မှု၌ အပြစ်ထပ်ဖို့ကြသဖြင့်အဆုံး
၌ဘုရားသခင်၏အမျက်တော်သည် သူတို့ အပေါ်သို့
ကျရောက်လေတော့၏။

## ပေါလု၏အလိုဆန္ဒ

၁၇။ ညီအစ်ကိုတို့ ငါတို့သည် သင်တို့နှင့်စိတ်အားဖြင့်
မဟုတ်။ ကိုယ်ခန္ဓာအားဖြင့် ခေတ္တခဏမျှသာခွဲခွါ၍
နေရသော်လည်း သင်တို့အား တစ်ဖန်ပြန်လည်တွေ့
၁၈။ ဆုံလိုသော ဆန္ဒပြင်းပြလှ၏။ ငါ**ပေါလု**သည် သင်
တို့ထံသို့လာရန် ဆန္ဒရှိ၍ ကြိမ်ဖန်များစွာကြိုးစား
သော်လည်း တစ်ဖန်နတ်ဆိုးသည် ငါ့အားဆီးတားခဲ့
၁၉။ လေသည်။ အမှန်စင်စစ်အားဖြင့် သင်တို့သာလျှင်
ငါတို့ မျှော်လင့်စရာ၊ ဝမ်းမြောက်စရာဖြစ်ကြသည်
မဟုတ်ပါလော။ငါတို့သခင်**ယေရှု**ပြန်လည်ကြွလာ
တော်မူသောအခါ ကိုယ်တော်၏ရှေ့တော်၌ သင်တို့
သည် ငါတို့၏အောင်မြင်ခြင်း သရဖူဖြစ်ကြပေလိမ့်
၂၀။ မည်မဟုတ်ပါလော။ အကယ်စင်စစ် သင်တို့သည်
ငါတို့ ဂုဏ်ယူဝါကြွားစရာ၊ ငါတို့ ဝမ်းမြောက်စရာ
အကြောင်းဖြစ်ပေသည်။

## အခန်းကြီး (၃)

## သက်ဆာလောနိကမြို့သို့တိမောသေဦး စေလွှတ်ခံရခြင်း

၁။ နောက်ဆုံး၌ ငါတို့သည် ဆက်လက်၍ စောင့်ဆိုင်း
မနေနိုင်ကြသဖြင့် **အေသင်**မြို့တွင် ငါတစ်ဦးတည်း
၂။ သာသွား၍ နေရစ်ခဲ့ရန် ဆုံးဖြတ်ခဲ့၏။ခရစ်တော်၏
ဧဝံဂေလိတရားတော်ကိုဟောခြင်း၌ ဘုရားသခင်၏
အမှုတော်ဆောင်ဖြစ်သူငါတို့ညီ**တိမောသေဦး**ကိုသင်
၃။ တို့ထံသို့စေလွှတ်လိုက်ကြ၏။ သင်တို့တွင်အဘယ်
သူမျှ မိမိတို့ ယခုခံစားနေရသော ညှင်းပန်းနှိပ်စက်
မှုများကြောင့် ယုံကြည်ခြင်း၌ဆုတ်ယုတ်ခြင်းမရှိစေ
ဘဲ၊ ခိုင်မြဲစေအံ့သောငှါ၊ သင်တို့ကို အားပေးတိုက်
တွန်းနိုင်ရန် သူ့အား ငါတို့စေလွှတ်လိုက်၏။ ညှင်း
ပန်းနှိပ်စက်မှုကို ငါတို့ခံရခြင်းသည် ငါတို့အတွက်
ဘုရားသခင်စီမံထားသည့်အရာဖြစ်ကြောင်းသင်တို့
၄။ ကိုယ်တိုင်သိကြ၏။ ငါတို့သည် ညှင်းပန်းနှိပ်စက်
ခြင်းခံရမည်ကို သင်တို့နှင့် အတူရှိစဉ်ကပင် ငါတို့
သတိပေးခဲ့ပြီဖြစ်သည်။ ငါသတိပေးခဲ့သည့်အတိုင်း
၅။ ဖြစ်ပျက်ခဲ့သည်ကို သင်တို့ သိမြင်ခဲ့ကြ၏။ ထို့
ကြောင့် ငါသည် မစောင့်ဆိုင်းနိုင်တော့သဖြင့် သင်
တို့၏ယုံကြည်ခြင်းကို အကဲဖြတ်ရန်လည်းကောင်း၊
သင်တို့သည် စာတန်နတ်ဆိုး၏ စုံစမ်းသွေးဆောင်
ရာသို့လိုက်ပါသဖြင့် ငါတို့လုပ်ဆောင်ခံသမျှသည်
အချည်းအနှီးဖြစ်မည်ကို စိုးရိမ်မိသောကြောင့်လည်း
ကောင်း သင်တို့အား ကြည့်ရှုလေ့လာရန် ငါသည်
**တိမောသေဦး**ကို စေလွှတ်လိုက်၏။

## သက်ဆာလောနိကအသင်းတော်အတွက် ပေါလုကျေးဇူးတော်ချီးမွမ်းခြင်း

၆။ ယခုအခါ**တိမောသေဦး**သည်ငါတို့ထံပြန်လည်ရောက်
ရှိလာပေပြီ။ သင်တို့၏ချစ်ခြင်းမေတ္တာနှင့်ယုံကြည်
ခြင်းအကြောင်း သတင်းကောင်းကိုလည်းယူဆောင်
လာခဲ့ပြီ။ ငါတို့အား အစဉ်အောက်မေ့သတိရလျက်

နေကြကြောင်းကိုလည်းကောင်းငါတို့သည် သင်တို့
ကို ပြန်လည်တွေ့ဆုံလိုသကဲ့သို့သင်တို့သည်လည်း
ငါတို့ကို ပြန်လည် တွေ့ဆုံလိုကြောင်းကိုလည်း
ကောင်း၊ သူသည် ငါတို့အားပြောပြခဲ့၏။
၇။ ညီအစ်ကိုတို့ ငါတို့ဆင်းရဲဒုက္ခခံရသည့် ကာလတွင်
သင်တို့၏ ယုံကြည်ခြင်းသည် လွန်စွာအားတက်နှစ်
၈။ သိမ့်မှု ဖြစ်ပါ၏။ ယခုသင်တို့သည် သခင်ဘုရား၌
မြဲမြဲစွာယုံကြည်ရပ်တည်ကြသဖြင့် ငါတို့အသက်ရှင်
၉။ ရကျိုးနပ်ပေသည်။ သင်တို့အတွက်ကြောင့် ဘုရား
သခင်၏ရှေ့တော်၌ ငါတို့ခံစားရသော ဝမ်းမြောက်
ရွှင်လန်းခြင်းများအတွက် ဘုရားသခင်အားအဘယ်
၁၀။ သို့ကျေးဇူးဆပ်နိုင်မည်နည်း။ ငါတို့သည်သင်တို့နှင့်
ပြန်လည် ဆုံတွေ့နိုင်၍ သင်တို့၏ ယုံကြည်ခြင်း
ပါရမီကို ဖြည့်တင်းပေးရန် ငါတို့သည်နေ့ညမပြတ်
၁၁။ ငါတို့ဆုတောင်း ပတ္တနာပြု၍နေကြ၏။ငါတို့၏အဖ
ခမည်းတော်ဘုရားနှင့် ခရစ်တော် **ယေရှု**သခင်သည်
သင်တို့ထံသို့ ငါတို့လာရောက်နိုင်ကြစေရန် လမ်းကို
ပြင်ဆင်ပေးတော်မူပါစေသော်။
၁၂။ သင်တို့အပေါ်ထားရှိသော ငါတို့၏ချစ်ခြင်း မေတ္တာ
ကို ဘုရားသခင်သည် တိုးပွားစေသကဲ့သို့ သင်တို့
သည်လည်း မိမိတို့ အချင်းချင်းနှင့် လူခပ်သိမ်းတို့
အပေါ်တွင်ထားရှိသည့် သင်တို့၏ ချစ်ခြင်းမေတ္တာ
တိုးပွားလာစေရန် ဘုရားသခင် ပြုပြင်ပေးတော်မူပါ
စေ။ ငါတို့၏အရှင်**ယေရှု**သခင်သည် မိမိ၏ရဟန္တာ
တော်အပေါင်းတို့နှင့် ခြံရံလျက်ကြွလာတော်မူသော
အခါ သင်တို့သည် ဘုရားသခင်၏ ရှေ့တော်၌
အပြစ်ဆိုဖွယ်မရှိသော သူများဖြစ်ကြစေရန် ကိုယ်
တော်သည် သင်တို့၏စိတ်နှလုံးကို သန့်ရှင်းဖြောင့်
မတ်ခြင်း၌ခိုင်မြဲစေရန် ပြုပြင်ပေးတော်မူပါစေသော်။

## အခန်း (၄)

## မွန်မြတ်သည့်ဘဝသက်တာလျှောက်လှမ်းရန်

၁။ ညီအစ်ကိုတို့ သင်တို့သည် ဘုရားသခင်နှစ်သက်
တော်မူသည့်အတိုင်း အဘယ်သို့ ကျင့်ကြံနေထိုင်ရ
မည်ကို သင်တို့ ငါတို့သွန်သင်ပြီး ဖြစ်ပေသည်။
သင်တို့သည် ငါတို့သွန်သင်သည့်အတိုင်းပြုကျင့်ကြ
သည်မှန်သော်လည်း ထိုထက်ပို၍ ကြိုးစားကျင့်ကြ
ရန် သခင်**ယေရှု**၏နာမတော်ကိုအမှီပြုလျက် ငါတို့
၂။ တောင်းပန်၍ တိုက်တွန်းနှိုးဆော်ပါ၏။ ငါတို့သည်
သခင်**ယေရှု**ပေးအပ်သော အခွင့်အာဏာအရ၊ သွန်
သင်ညွှန်ကြားသည်ကို သင်တို့အသိပင်ဖြစ်ကြ၏။
၃။ ဘုရားသခင်၏အလိုတော်မူကား၊ သင်တို့၌သန့်ရှင်း
ဖြောင့်မတ်စေခြင်းပင်ဖြစ်၍သင်တို့သည် မိမိတို့ကို
ယ်ကိုထိန်းသိမ်းကာ၊ ကာမဂုဏ်လွန်ကျူးမှုနှင့်လုံးဝ
၄။ ကင်းကြရပေမည်။ ခင်ပွန်းသည်တိုင်း မိမိတို့၏ဇနီး
နှင့် သန့်ရှင်းဖြူစင်ခြင်း၊ ရိုသေလေးစားခြင်းဖြင့်
၅။ ပေါင်းသင်းနေထိုင်ကြရမည်။ ဘုရားသခင်ကို မသိ၊
မကိုးကွယ်သောသူတို့ကဲ့သို့ကိလေသာ စိတ်၏အလို
၆။ သို့မလိုက်ကြနှင့်။ ဤအမှုမျိုးတွင် အခွင့်ကောင်းပြီး
သင်တို့သည် ညီအစ်ကို အချင်းချင်းမပြစ်မှားစေကြ
နှင့်။ ဤအပြစ်မျိုးကျူးလွန်သူတို့ကို ယခင်ကငါတို့
သည် သင်တို့အား နှိုးဆော်သတိပေးခဲ့သည့်အတိုင်း
သခင်ဘုရားသည်အပြစ်ဒဏ် စီရင်တော်မူလိမ့်မည်။
၇။ ဘုရားသခင်သည် ငါတို့ကို ကာမဂုဏ်လိုက်စားခြင်း
၌ မွေ့လျော်စေရန်မဟုတ်၊ သန့်ရှင်းမွန်မြတ်စွာကျင့်
ကြံနေထိုင်ရန် ခေါ်ယူရွေးကောက်တော်မူပေသည်။
၈။ သို့ဖြစ်၍ ဤသွန်သင်ချက်ကိုမလိုက်နာသောသူ မည်
သည်ကား လူကိုပစ်ပယ်သည်မဟုတ်၊ သင်တို့အား
မိမိ၏မွန်မြတ်သောဝိညာဉ်တော်ကို ပေးတော်မူသော
ဘုရားသခင်ကို ပစ်ပယ်ခြင်းပင် ဖြစ်သတည်း။
၉။ ယုံကြည်သူအချင်းချင်း ချစ်ခင်ကြစေရန် သင်တို့ကို
ဘုရားသခင်သွန်သင်တော်မူခဲ့သဖြင့် သင်တို့ အချင်း
ချင်းချစ်ခင်ရမည့်အကြောင်းနှင့်ပတ်သက်၍ သင်တို့
၁၀။ ထံစာရေးပို့ရန် မလိုအပ်ပေ။ အမှန်စင်စစ် သင်တို့
သည် **မာစီဒိုနီယာ**ပြည် တစ်ပြည်လုံးရှိခရစ်ယာန်
ညီအစ်ကိုတို့အားချစ်ကြပေပြီ။ သို့သော် ညီအစ်ကို
တို့ သင်တို့သည် ထိုထက်မက ပိုမိုချစ်ခင်ကြရန်
၁၁။ ငါနှိုးဆော်ပါ၏။ သင်တို့သည်ယခင်က ငါတို့ညွှန်
ကြားခဲ့သည့်အတိုင်း သူတစ်ပါးကိုအနှောင့်အယှက်
မပြုဘဲ အေးချမ်းစွာနေထိုင်ရန်လည်းကောင်း၊ကိုယ့်
အရေးကိစ္စကိုသာ ဂရုစိုက်ရန်လည်းကောင်း၊ ကိုယ့်
လက်ဖြင့်လုပ်ကိုင်ရန်လည်းကောင်း ကြိုးစားအား
၁၂။ ထုတ်ကြလော့။ ဤနည်းလမ်းများကို လိုက်နာခြင်း
အားဖြင့် သင်တို့သည် အသင်းတော်ဝင်မဟုတ်သူ
တို့၏ ကြည်ညိုလေးစားခြင်းကိုခံရကြ၍ အဘယ်
သူ့ကိုမျှ မှီခိုရန် လည်းလိုအပ်လိမ့်မည်မဟုတ်ပေ။

## သခင်ဘုရားကြွလာတော်မူခြင်း

၁၃။ ညီအစ်ကိုတို့ မျှော်လင့်ခြင်းမရှိသော အခြားသူတို့
သည်ဝမ်းနည်းကြေကွဲသကဲ့သို့ သင်တို့သည်လည်း
ဝမ်းနည်းကြေကွဲမှုမဖြစ်ကြစေရန် ငါတို့သည် သေ
လွန်သောသူများနှင့်ပတ်သက်၍ အမှန်တရားကိုသင်
၁၄။ တို့အားသိစေလို၏။ သခင်**ယေရှု**သည် အသေခံပြီး
နောက်၊ ရှင်ပြန်ထမြောက်တော်မူသည့်နည်းတူ **ယေ**
**ရှု**သခင်၌သေလွန်သောသူတို့ကိုလည်း ထိုသခင်နှင့်
အတူ အထံတော်သို့ပြန်၍၊ ခေါ်ဆောင်သွားတော်မူ
၁၅။ လိမ့်မည်ဟုငါတို့ယုံကြည်ကြပေသည်။ ဤအချက်
ကိုသခင်ဘုရား၏ ဗျာဒိတ်သွန်သင်တော်မူချက်ဖြင့်
သင်တို့အား ယခု ငါတို့ဖော်ပြကြကုန်အံ့။ သခင်
ဘုရားကြွလာတော်မူသောနေ့၌ အသက်ရှင်လျက်ရှိ
ကြသူ ငါတို့သည် သေလွန်သူတို့ထက် အလျင်
၁၆။ ရောက်ကြလိမ့်မည်မဟုတ်။ ကောင်းကင်တမန်တော်
အားဖြင့် သခင်ဘုရား၏ကြွေးကြော်အမိန့် ပေးသံ၊
တံပိုး၊ ခရာမှုတ်သံတို့ကိုကြားရသောအခါ သခင်
ဘုရားကိုယ်တော်တိုင် ကောင်းကင်ဘုံမှ ဆင်းကြွ
လာတော်မူလိမ့်မည်။ ခရစ်တော်ကို ယုံကြည်၍
သေလွန်သူများသည် ဦးစွာရှင်ပြန်ထမြောက်ကြလိမ့်
၁၇။ မည်။ ထို့နောက် အသက်ရှင်လျက် ကျန်ရစ်သော
ငါတို့သည်သေလွန်သူတို့နှင့်အတူ မိုးကောင်းကင်
နိုင်ငံတော်တွင် သခင်ဘုရားနှင့်တွေ့ဆုံရန် မိုးတိမ်
တိုက်အားဖြင့် ယူဆောင်ခြင်းကိုခံရကြလိမ့်မည်။
ဤနည်းအားဖြင့် ငါတို့သည် သခင်ဘုရားနှင့်အတူ
၁၈။ အစဉ်အမြဲနေရကြပေအံ့။ သို့ဖြစ်၍ ဤစကားများ
အားဖြင့် အချင်းချင်း တစ်ယောက်ကို တစ်ယောက်
နှစ်သိမ့်အားပေးကြလော့။

## အခန်းကြီး (၅)

## သခင်ဘုရားကြွလာတော်မူမည့်အချိန်အတွက် အသင့်ရှိကြလော့

၁။ ညီအစ်ကိုတို့ဤအချင်းအရာများဖြစ်ပျက်မည့် အချိန်
ကာလအကြောင်းကို သင်တို့ထံစာရေးပို့ရန် မလိုအပ်
၂။ ပေ။ အဘယ်ကြောင့်ဆိုသော် သခင်ဘုရားကြွလာ
လာတော်မူမည့် နေ့ရက်သည် ညဉ့်အခါ သူခိုးလာ
သကဲ့သို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း သင်တို့
၃။ ကောင်းစွာသိကြ၏။ လူတို့သည် ဘဝလုံခြုံမှုရှိ၍
ငြိမ်းချမ်းသာယာ၍လုံခြုံမှုရှိသည်ဟု ခံစားရချိန်တွင်
ကိုယ်ဝန်ဆောင် အမျိုးသမီးအပေါ်သို့ သားဖွားခြင်း
ဝေဒနာ ရုတ်တရက် ကျရောက်လာသကဲ့သို့ပျက်စီး
ခြင်း ဘေးအန္တရာယ်သည်လည်း သူတို့အပေါ်သို့ကျ
၄။ ရောက်လာလိမ့်မည်။ သို့ရာတွင် ညီအစ်ကိုတို့
သင်တို့မူကားမှောင်မိုက်တွင် နေသောသူများမဟုတ်
သဖြင့် မမျှော်လင့်ဘဲ သူခိုးကဲ့သို့ရောက်ရှိလာမည်
၅။ ကို အံ့သြလိမ့်မည်မဟုတ်။ သင်တို့အားလုံးသည်
အလင်းနှင့်နေ့၏ သားသမီးများဖြစ်ကြ၏။ ငါတို့
သည် ညဉ့်နှင့်မှောင်မိုက်ခြင်းတို့ဖြင့် မသက်ဆိုင်
၆။ ကြချေ။ သို့ဖြစ်၍ ငါတို့သည် အခြားသူများကဲ့သို့
အိပ်ပျော်၍ မနေကြဘဲ သမ္မာသတိရှိ၍ နိုးကြားစွာ
၇။ စောင့်ကြကုန်အံ့။ အကြောင်းမှာ လူတို့သည် ညဉ့်
အခါ၌အိပ်တတ်ကြ၏။ သေရည်သေရက် သောက်
သော သူတို့သည်လည်း ညဉ့်အခါ၌သာ သေရည်
၈။ သေရက်မူးယစ်တတ်ကြ၏။ သို့ရာတွင်ငါတို့သည်
နေ့နှင့်သက်ဆိုင်သူများဖြစ်ကြသဖြင့် သမ္မာသတိရှိ
ကြကုန်အံ့။ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတည်း
ဟူသောရင် အုပ်တန်ဆာကို တပ်ဆင်လျက် ကယ်
တင်ခြင်းခံရရန် မျှော်လင့်ခြင်းတည်းဟူသော သံခ
၉။ မောက်ကို ဆောင်းကြကုန်အံ့။ ဘုရားသခင်သည်
ငါတို့အား အမျက်တော်သင့်စေရန် ရွေးကောက်
တော်မူသည်မဟုတ်၊ သို့သော် ခရစ်တော်**ယေရှု**
သခင်အားဖြင့် ကယ်တင်ခြင်းခံရကြစေရန် ရွေး
၁၀။ ကောက်တော်မူ၏။ ကိုယ်တော်ကြွလာသောအချိန်၌
ငါတို့သည် သေလွန်ပြီးသည်ဖြစ်စေ အသက်ရှင်
လျက်ရှိနေသည်ဖြစ်စေ၊ ကိုယ်တော်နှင့်အတူအသက်
ရှင်ခွင့်ကိုရရှိနိုင်ကြစေရန် ကိုယ်တော်သည် ငါတို့
အတွက် အသက်တော်ကို စွန့်တော်မူပေသည်။
၁၁။ ထို့ကြောင့် သင်တို့သည် အချင်းချင်းတစ်ယောက်
ကိုတစ်ယောက် အားပေးကူညီကာ ယခုကဲ့သို့ဆက်
လက်၍ တစ်ယောက်ကိုတစ်ယောက် ဆက်လက်ပျိုး
ထောင်ပေးကြလော့။

## နောက်ဆုံးမှာကြားချက်များနှင့်နှုတ်ဆက်စကားများ

၁၂။ ညီအစ်ကိုတို့ သင်တို့ထံတွင် အမှုတော်ထမ်းဆောင်
နေ၍ ဘုရားသခင်၏ တရားလမ်းတော်အတိုင်း ဦး

၅

ဆောင်လမ်းညွှန်ရန် ကိုယ်တော်ခန့်အပ်ထားတော်မူ
သောသူတို့ကို ကြည်ညိုလေးစားခြင်းနှင့် ကျေးဇူးပြု
၁၃။ ကြရန် ငါတို့ တိုက်တွန်း၏။ သူတို့ဆောင်ရွက်ကြ
သည့်အမှုတော်အတွက် သူတို့အားအထူးရိုသေလေး
စားချစ်ခင်ကြလော့။ သင်တို့အချင်းချင်း သင့်မြတ်
၁၄။ ငြိမ်းချမ်းစွာနေကြလော့။ စည်းမဲ့တရားမဲ့နေသောသ
တို့ကိုသတိပေးဆုံးမကြလော့၊စိတ်ဓါတ်ကျသောသူ
တို့ကိုအားပေးကြလော့၊စိတ်အားငယ်သောသူတို့ကို
ထောက်မ ကူညီပေးကြလော့။လူခပ်သိမ်းတို့အပေါ်
၁၅။ စိတ်ရှည် သည်းခံကြလော့။ အဆိုးကိုအဆိုးဖြင့်ရန်
တုန့်မမူမိရန်သတိပြုကြလော။ အချင်းချင်း၌လည်း
၁၆။ ကောင်း၊ လူခပ်သိမ်း၌လည်းကောင်း၊ အစဉ်အမြဲ
ကောင်းကျိုးပြုရန်ကြိုးစားကြလော့။ အစဉ်အမြဲ ရွှင်
၁၇။ လန်းဝမ်းမြောက်လော့။ အဆက်မပြတ် ဆုတောင်း
၁၈။ ပတ္ထနာပြုကြလော့။ မည်သည့် အခြေအနေမျိုးတွင်
မဆို အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
အကြောင်းမှာ သင်တို့သည်ခရစ်ယာန်များဖြစ်သည့်
အလျောက် ဤသို့ ပြုကျင့်ကြစေရန် ဘုရားသခင်
၁၉။ အလိုရှိတော်မူ၏။မွန်မြတ်သောဝိညာဉ်တော်ဘုရား
၂၀။ ကြွလာတော်မူခြင်းကိုမဆီးတားကြနှင့်၊ ပရောဖက်
များ၏ နိုးဆော်ဟောပြောချက်များကို မထီမဲ့မြင်မပြု
၂၁။ ကြနှင့်။ အရာခပ်သိမ်းတို့ကိုဆင်ခြင်သုံးသပ်ပြီးလျှင်
၂၂။ ကောင်းသောအရာတို့ကို စွဲမြဲစွာ ကိုင်ထား၍
မကောင်းသည့်အရာမှန်သမျှကိုရှောင်ရှားကြလော့။
၂၃။ ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည် သင်တို့
အား မွန်မြတ်သန့်ရှင်းစေ၍ စုံလင်ခြင်းသို့ရောက်
စေရန်ပြုတော်မူပါစေငါတို့၏အရှင်သခင်**ယေရှူး**ကြွ
လာတော်မူသောအခါ၌ သင်တို့သည်အပြစ်တင်ခံရ
ခြင်းနှင့်လုံးဝကင်းလွတ်ကြစေရန်ဘုရားသခင်သည်
သင်တို့၏ ကိုယ်စိတ်ဝိညာဉ်ကို ထိန်းသိမ်းစောင့်
၂၄။ ရှောက်တော်မူပါစေ။ သင်တို့အားခေါ်ယူရွေးကောက်
တော်မူသောအရှင်သည် သစ္စာရှိတော်မူသည်ဖြစ်၍
၂၅။ ဤသို့ပြုတော်မူလိမ့်မည်။ ညီအစ်ကိုတို့ ငါတို့အဖို့
၂၆။ လည်းဆုတောင်းပေးကြလော့။ ယုံကြည်သူအပေါင်း
တို့အား သန့်ရှင်းသော နမ်းခြင်းဖြင့် နှုတ်ဆက်ကြ
၂၇။ လော့။ ယုံကြည်သူအပေါင်းတို့အား ဤစာကိုဖတ်
ပြကြရန် ငါသည်ဘုရားသခင်၏ နာမတော်အားဖြင့်
၂၈။ သင်တို့ကိုနှိုးဆော်တိုက်တွန်းပါ၏။ ငါတို့ သခင်ခ
ရစ်တော်**ယေရှူး**၏ ကျေးဇူးတော်သည် သင်တို့အ
ပေါင်း၌ရှိစေသတည်း။